
www.burmeseclassic.com

# ပဋ္ဌာန်းမြွတ် ဒေသနာ



BURMESE CLASSIC .com

အရှင်နန္ဒမာလာဘိဝံသ

M.A., Ph.D., အဂ္ဂမဟာပဏ္ဍိတ၊ ပါမောက္ခချုပ်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

Khin Hnin Phyu

# ပဋ္ဌာန်းမြတ် ဒေသနာ

အရှင်နန္ဒမာလာ ဘိဝံသ

(ဓမ္မဒါန)

သာသနာ ၂၅၄၈ ခရစ် ၂၀၀၄ မြန်မာ ၁၃၆၆

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် အမှာ

အကျိုးတရား၏တည်ရာ အခြေပြုရာဖြစ်သော အကြောင်းအမျိုးမျိုးကို "ပဋ္ဌာန" ဟုခေါ်၏။ ပဋ္ဌာနခေါ် အကြောင်း အမျိုးမျိုးကို ရှင်းလင်းဟောပြအပ်သော ဒေသနာတော်ကိုလည်း "ပဋ္ဌာန" ဟုပင်ခေါ်သည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်သည် အကြောင်းနှင့်အကျိုးကို ရှင်းလင်းဟောကြားမှုတွင် အခြေခံ၏။ အဓိကဖြစ်သော သစ္စဒေသနာ၌ အကြောင်းနှင့်အကျိုး ၂-မျိုးစီ အကျဉ်းချုပ် ဟောတော်မူသည်။ ပဋိစ္စသမုပ္ပါဒ ဒေသနာ၌ ထိုအကြောင်းအကျိုးတရားတို့ကိုပင် အကျယ်ချဲ့၍ ဟောတော်မူသည်။ ပဋ္ဌာနဒေသနာ၌ ထိုအကြောင်းအကျိုးတရားတို့ကိုပင် အပြန်အလှန် ကျေးဇူးပြုပုံနှင့် အကြောင်းတရား၏ ပစ္စယသတ္တိကိုပါ ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံ ဟောတော်မူ၏။

မှန်၏၊ ပဋ္ဌာနဒေသနာ၌ အကြောင်း ၂၄-မျိုး (၂၄-ပစ္စည်း)ကို ပြထား၏။ ထိုအကြောင်း ၂၄-ပစ္စည်း၌ အကျိုးတရားကို ကျေးဇူးပြုတတ်သော အကြောင်းတရားမှန်သမျှ ပါဝင်၏။ တဖန် ထိုအကြောင်း ၂၄-ပစ္စည်းသည်လည်း အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ဟူသောအကြောင်း ပစ္စည်း ၄-မျိုးတွင် အကျုံးဝင်၏။

အကြောင်းအကျိုး ကျေးဇူးပြုရာ၌ အကြောင်းတရားတစ်ခုက အကျိုးတရားတစ်ခုကိုသာ ကျေးဇူးပြုသည်ဟု မမှတ်ရ၊ အကြောင်းတရားများစွာ စုပေါင်းမိမှသာ အကျိုးတရားကို ကျေးဇူးပြုနိုင်သည်ဟု မှတ်ရမည်။ ပဋ္ဌာနဒေသနာလာ အကြောင်း ၂၄-ပစ္စည်းသည် သတ္တိတမျိုးစီရှိကြသော်လည်း မျိုးတူရာ သဘာဝတူရာ စုပေါင်း၍သာ ကျေးဇူးပြုကြ၏။

လောက၌ မည်သည့်အရာမဆို အကြောင်းတရား များစွာစုပေါင်း ကျေးဇူးပြုမှုတွင် အခြေခံ၏။ အကြောင်းကင်းပြီး မည်သည့်အရာမျှ မဖြစ်၊ အကြောင်းတရားသည်ပင် အခြားအကြောင်းတရားများကြောင့် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့် အမှာ

အကျိုးတရား၏ တည်ရာ အခြေပြုရာဖြစ်သော အကြောင်းအမျိုးမျိုးကို "ပဋ္ဌာန" ဟုခေါ်၏။ ပဋ္ဌာနခေါ် အကြောင်း အမျိုးမျိုးကို ရှင်းလင်းဟောပြအပ်သော ဒေသနာတော်ကိုလည်း "ပဋ္ဌာန" ဟုပင်ခေါ်သည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်သည် အကြောင်းနှင့်အကျိုးကို ရှင်းလင်းဟောကြားမှုတွင် အခြေခံ၏။ အဓိကဖြစ်သော သစ္စဒေသနာ၌ အကြောင်းနှင့်အကျိုး ၂-မျိုးစီ အကျဉ်းချုပ် ဟောတော်မူသည်၊ ပဋိစ္စသမုပ္ပါဒ ဒေသနာ၌ ထိုအကြောင်းအကျိုးတရားတို့ကိုပင် အကျယ်ချဲ့၍ ဟောတော်မူသည်။ ပဋ္ဌာနဒေသနာ၌ ထိုအကြောင်းအကျိုးတရားတို့ကိုပင် အပြန်အလှန် ကျေးဇူးပြုပုံနှင့် အကြောင်းတရား၏ ပစ္စယသတ္တိကိုပါ ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံ ဟောတော်မူ၏။

မှန်၏၊ ပဋ္ဌာနဒေသနာ၌ အကြောင်း ၂၄-မျိုး (၂၄-ပစ္စည်း)ကို ပြထား၏။ ထိုအကြောင်း ၂၄-ပစ္စည်း၌ အကျိုးတရားကို ကျေးဇူးပြုတတ်သော အကြောင်းတရားမှန်သမျှ ပါဝင်၏။ တဖန် ထိုအကြောင်း ၂၄-ပစ္စည်းသည်လည်း အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ဟူသောအကြောင်း ပစ္စည်း ၄-မျိုးတွင် အကျုံးဝင်၏။

အကြောင်းအကျိုး ကျေးဇူးပြုရာ၌ အကြောင်းတရားတစ်ခုက အကျိုးတရားတစ်ခုကိုသာ ကျေးဇူးပြုသည်ဟု မမှတ်ရ၊ အကြောင်းတရားများစွာ စုပေါင်းမိမှသာ အကျိုးတရားကို ကျေးဇူးပြုနိုင်သည်ဟု မှတ်ရမည်။ ပဋ္ဌာနဒေသနာလာ အကြောင်း ၂၄-ပစ္စည်းသည် သတ္တိတမျိုးစီရှိကြသော်လည်း မျိုးတူရာ သဘာဝတူရာ စုပေါင်း၍သာ ကျေးဇူးပြုကြ၏။

လောက၌ မည်သည့်အရာမဆို အကြောင်းတရား များစွာစုပေါင်း ကျေးဇူးပြုမှုတွင် အခြေခံ၏။ အကြောင်းကင်းပြီး မည်သည့်အရာမျှ မဖြစ်၊ အကြောင်းတရားသည်ပင် အခြားအကြောင်းတရားများကြောင့် ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ အကြောင်းကင်းသော အကျိုးတရားမရှိသကဲ့သို့ အကြောင်းကင်းသော အကြောင်းတရားလည်းမရှိပေ။

အကြောင်းအကျိုးကို ရှုမြင်တတ်သော အသိဉာဏ်သည် အလွန် အရေးပါ၏။ မည်သည့်ကိစ္စမှာ မဆို အကြောင်းအကျိုး အမှန်အကန် မသိသမျှ အောင်မြင်ပြီးမြောက်နိုင်မည် မဟုတ်၊ အကြောင်းအကျိုး မှန်ကန်စွာ သိမှသာ ဘဝပြဿနာကိုဖြေရှင်းနိုင်၍ ဘဝနိရောဓနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်၏။

အရှင်အဿဇိသည် အကြောင်းအကျိုးဝါဒကို "ဗုဒ္ဓဝါဒ"အဖြစ် ဥပတိဿ ပရိဗ္ဗိုဇ် (နောက်တွင် အရှင်သာရိပုတ္တ)အား ရှင်းပြခဲ့၏။ အကြောင်းအကျိုးကို မှန်ကန်စွာ သိရမှသာ "အမှန်တရား"ကို သိရှိနိုင်၏။ လောက၌ ဘာသာဝါဒအမျိုးမျိုး ပေါ်ထွန်းနေခြင်းမှာ အကြောင်းအကျိုး အစစ်အမှန်ကို မသိသောကြောင့် ဖြစ်၏။

အကြောင်းဟုတ်သည်ကို ဟုတ်သည့်အတိုင်း၊ မဟုတ်သည်ကို မဟုတ်သည့်အတိုင်း မှန်ကန်စွာသိတတ်သောဉာဏ်သည် ဗုဒ္ဓစွမ်းအား (တထာဂတဗလ) တမျိုးသာ ဖြစ်၏။ ဗုဒ္ဓစွမ်းအားဖြင့် ဟောကြားအပ်သော အကြောင်းအကျိုးတရားကို သိရှိနားလည်ခွင့် ရခြင်းသည် အလွန့်အလွန်ထူး ကဲသော အခွင့်ကောင်းကြီးတရပ် ဖြစ်သည်။

အကြောင်းအကျိုးနှင့်စပ်၍ အပြည့်အစုံဆုံး ရှင်းလင်းဟောကြား အပ်သော ဗုဒ္ဓဒေသနာတော်မှာ "**ပဋ္ဌာန်းမြွက်ဒေသနာတော်**"သာ ဖြစ်ပေသည်။ ဤပဋ္ဌာန်းမြွက်ဒေသနာတော်ကို၊ အနည်းဆုံး ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ ပါဠိကို၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အနက်အဓိပ္ပါယ်ကို သင်ယူလေ့လာခြင်း၊ နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် "ကြောင်းကျိုးဉာဏ်"ကို ရရှိနိုင်ပေသည်။

ကြိုးစားကြည့်ပါ.

အရှင်နန္ဒမာလာဘိဝံသ



# ပဋ္ဌာန်း မြွက်ဒေသနာ

"ရှိခိုးခြင်း"

"ကြောင်း, ကျိုး ဆက်ပြွမ်း၊
"မြွက်ပဋ္ဌာန်း" ကို၊
ဟောစွမ်း စေ့ငုံ၊
သဗ္ဗညုတ၊ ဉာဏာသခင်၊
ဘုရားရှင်ကို၊
အစဉ် မြွက်နိုး၊
လက်စုံ မိုးလျက်၊
ရှိခိုးပါ၏ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စယုဒ္ဒေသပါဠိ

၁) “ ဟေတုပစ္စယော၊
၂) အာရမ္မဏပစ္စယော၊
၃) အဓိပတိပစ္စယော၊
၄) အနန္တရပစ္စယော၊
၅) သမနန္တရပစ္စယော၊
၆) သဟဇာတပစ္စယော၊
၇) အညမညပစ္စယော၊
၈) နိဿယပစ္စယော၊
၉) ဥပနိဿယပစ္စယော၊
၁၀) ပုရေဇာတပစ္စယော၊
၁၁) ပစ္ဆာဇာတပစ္စယော၊
၁၂) အာသေဝနပစ္စယော၊
၁၃) ကမ္မပစ္စယော၊
၁၄) ဝိပါကပစ္စယော၊
၁၅) အာဟာရပစ္စယော၊
၁၆) ဣန္ဒြိယပစ္စယော၊
၁၇) ဈာနပစ္စယော၊
၁၈) မဂ္ဂပစ္စယော၊
၁၉) သမ္ပယုတ္တပစ္စယော၊
၂၀) ဝိပ္ပယုတ္တပစ္စယော၊
၂၁) အတ္ထိပစ္စယော၊
၂၂) နတ္ထိပစ္စယော၊
၂၃) ဝိဂတပစ္စယော၊
၂၄) အဝိဂတပစ္စယော ” တိ။

ပစ္စယုဒ္ဒေသော

## ပါဠိ အနက်

### ဟေတုပစ္စယော၊

ရေသောက်မြစ်လျှင်၊ မြက်သစ်ပင်ကို၊ စိမ်းရှင်ခက်များ၊ ပင်စည်ထွားအောင်၊ ကြီးပွားစေမှု၊ ကျေးဇူးပြုသို့၊ ဟေတုကြောင်းခံ၊ ရုပ်နှင့်နာမ်ကို၊ ရှင်သန်စေမှု၊ ကျေးဇူးပြုခြား၊ ဟိတ် ၆-ပါး၊ ပစ္စည်းတရားလည်းကောင်း။

### အာရမ္မဏပစ္စယော၊

တောင်ဝှေးကြိုးတန်း၊ ဆွဲကိုင်လှမ်းလျက်၊ မစွမ်းလူမှာ၊ ထ ရှာသို့၊ ခုနစ်ဖြာမှတ်၊ ဝိညာဏ်ဓာက်တို့၊ စွဲမှတ်မြော်ရှု၊ မှီရာမှုဖြင့် ကျေးဇူးပြုခြား၊ အာရုံ ၆-ပါး၊ ပစ္စည်းတရားလည်းကောင်း။

### အဓိပတိပစ္စယော၊

အတူဖြစ်ပြန်၊ ရုပ်နှင့်နာမ်ကို၊ ကေန်လွှမ်းမိုး၊ ကြီးစိုးနိုင်ဘိ အဓိပတိတရား၊ စိတ် စေမျှား၏၊ အလေးထားသမှု၊ အာရုံပြုပြန် ရုပ်နိပ္ဖန်နှင့်၊ နိဗ္ဗာန်ခေါ်ရိုး၊ အာရုံမျိုး၏၊ ကြီးစိုးသမှု၊ ကျေးဇူးပြုခြား အဓိပတိပစ္စည်းတရားလည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



**အနန္တရပစ္စယော၊**

ရှေ့ဖြစ်ချုပ်ပြီး ၊ နာမ်တရားက ၊ နောက်ပါးဖြစ်မှု၊ နာမ်အစုအား ၊ ခွင့်ပြုအနေ ၊ မသေွ စိတ္တ၊ နိယာမဖြင့်၊ ဓမ္မတစ်ပါး၊ ကွယ်ခြားကင်းမှု၊ ကျေးဇူးပြုပြီး၊ အနန္တရပစ္စည်းတရားလည်းကောင်း။

**သမနန္တရပစ္စယော၊**

ရှေ့နောက်နှစ်ရပ်၊ ကြားမညှပ်လာ၊ ခြားမဲ့သာလျှင်၊ ရှေ့မှာချုပ်ပြီး၊ နာမ်တရားက၊ နောက်ပါး နာမ်စစ်၊ ဧကန်ဖြစ်ဘို့၊ ကွယ်ရစ်သမှု၊ ကျေးဇူးပြုပြီး၊ သမနန္တရပစ္စည်းတရားလည်းကောင်း။

**သဟဇာတပစ္စယော၊**

ဆီမီး အလင်း၊ မယွင်းခဏ၊ ပြိုင်တူကျသို့၊ တကွဖြစ်ပြန်၊ ရုပ်နှင့်နာမ်တို့၊ ဧကန်စင်စစ်၊ ပြိုင်တူဖြစ်လျက်၊ တည်ရစ်စေမှု၊ ကျေးဇူးပြုပြီး၊ သဟဇာတပစ္စည်းတရားလည်းကောင်း။

**အညမညပစ္စယော၊**

သစ်သားသုံးခွ၊ ချင်းချင်းမလျက်၊ တည်ကြသည့်ဟန်၊ ပြန်လှန်တည်မှု၊ ကျေးဇူးပြုပြီး၊ အညမညပစ္စည်းတရားလည်းကောင်း။

**နိဿယပစ္စယော၊**

မြေသည် သစ်ပင်၊ အစဉ်မကွာ၊ တည်ရာဖြစ်မှု၊ ကျေးဇူးပြုသို့၊ တခုတုံမှတ်၊ ပုံကားချပ်လည်း၊ သပ်ရပ်စုံစွာ၊ ရုပ်ပုံလွှာ၏၊ တည်ရာဖြစ်မှု၊ ကျေးဇူးပြုသို့ ရုပ်စုနာမ်စု၊ တည်ရာမှုဖြစ်၊ ကျေးဇူးပြုပြီး၊



နိဿယပစ္စည်းတရားလည်ကောင်း။

**ဥပနိဿယပစ္စယော၊**

စိတ် စေတရား၊ ဤနှစ်ပါး၏၊ အင်အားကြီးစွာ၊ မှီရာဖြစ်မှု၊ ကျေးဇူးပြုသည့်၊ အာရမ္မဏူပနိဿယ။ ထိုမှတသီး၊ အားကြီးလှစွာ၊ ခြားမဲ့မှာလျှင်၊ မှီရာစင်စစ်၊ နောက်စိတ်ဖြစ်မှု၊ ကျေးဇူးပြုသည့်၊ အနန္တရူပနိဿယ။ ထိုမှတဖြာ၊ အားကြီးစွာသည့်၊ များစွာကြောင်းစု၊ ကျေးဇူးပြုသည့်၊ ပကတူပနိဿယ၊ သုံး၀ ပိုင်းခြား၊ ဥပနိဿယပစ္စည်းတရားလည်းကောင်း။

**ပုရေဇာတပစ္စယော၊**

ကြိုတင်ဖြစ်ဟု ၊ ဝတ္ထုအာရုံ ၊ အလုံးစုံက ၊ ဖြစ်တုံနောက်ပေ၊ စိတ်နှင့်စေအား ၊ မသေွတည်မှု ၊ ကျေးဇူးပြုပြီး ၊ ပုရေဇာတပစ္စည်းတရားလည်းကောင်း။

**ပစ္ဆာဇာတပစ္စယော၊**

စားချင် အာသာ ၊ နောက်ပေါ်လာက ၊ ရှေ့မှာဖြစ်ဆို ၊ လင်းတကိုယ်အား ၊ မပြိုလဲစေ ၊ ထောက်ပံ့လေသို့၊ စိတ် စေ ၂-ပါး၊ နောက်ဖြစ်ပြီးလည်း ၊ ရှေ့သွားတည်လာ၊ ရုပ်ခန္ဓာ၏ ၊ မကွာတည်မှု၊ စွမ်းအားစုဖြင့်၊ ကျေးဇူးပြုပြီး၊ ပစ္ဆာဇာတပစ္စည်းတရား လည်းကောင်း။

**အာသေဝနပစ္စယော၊**

စာပေကျမ်းဂန်၊ ရှေ့သင်ဉာဏ်က၊ နောက်ဉာဏ်ဖြစ်မှု၊ ကျေးဇူးပြုသို့၊ နောက်စု ဇောအား၊ ရှေ့ဇောများက၊ ဖြစ်ပွားစေဟု၊

www.burmeseclassic.com

www.burmeseclassic.com



ထုံမွမ်းမှုဖြင့်၊ ကျေးဇူးပြုခြား၊ အာသေဝနပစ္စည်းတရား လည်းကောင်း။

**ကမ္မပစ္စယော၊**

အကြောင်းကံက၊ ကျိုးဖလကို၊ ခဏကွဲပြား၊ ဖြစ်ပွားစေဘိ၊ နာနာက္ခဏိကာ၊ စေတနာတည့်။ မဂ္ဂါအစဉ်၊ စိတ်တိုင်းယှဉ်လာ၊ စေတနာက ၊ တူစွာဖြစ်နေ ၊ စိတ်နှင့်စေကို ၊ မသွေမြော်ရှု ၊ စေ့ဆော်မှုဖြင့် ၊ ကျေးဇူးပြုခြား ၊ ကမ္မပစ္စည်းတရားလည်းကောင်း။

**ဝိပါကပစ္စယော၊**

အားထုတ်မှုကင်း၊ ငြိမ်သက်ခြင်းဖြင့်၊ မယှွင်းတူစွာ၊ ဝိပါကာဟု၊ နှစ်ဖြာ ရုပ်နာမ်၊ ငြိမ်သက်ရန်ဟု၊ ထောက်ခံရှေ့ရှု၊ ကျေးဇူးပြုခြား၊ ဝိပါကပစ္စည်းတရားလည်းကောင်း။

**အာဟာရပစ္စယော၊**

သြဇာခေါ်ကြ၊ အဟာရနှင့်၊ ဖဿ စေတနာ၊ မဂ္ဂါတူယှဉ်၊ စိတ်ဝိညာဉ်တို့၊ အစဉ်မဂ္ဂါ၊ သက်ဆိုင်ရာဟု၊ နှစ်ဖြာသင့်တန်၊ ရုပ်နှင့်နာမ်ကို၊ ကျားကန်သမှု၊ ကျေးဇူးပြုခြား၊ အာဟာရပစ္စည်း တရားလည်းကောင်း။

**ဣန္ဒြိယပစ္စယော၊**

စက္ခု စသည်၊ ငါးလီကုန္ဒြေ ၊ စိတ် စေတရား၊ စိုးပိုင်ထားလျက်၊ တပါးရုပ ၊ ဇီဝိတကား ၊ ကမ္မဇရုပ် ၊ ထိန်းချုပ် ဇကန် ၊ ကျန်ကုန္ဒြေ၊ နှစ်ထွေနာမ်ရုပ် ၊ ထိန်းချုပ်သမှု ၊ ကျေးဇူးပြုခြား ၊ ဣန္ဒြိယ ပစ္စည်းတရား



လည်းကောင်း။

**ဈာနပစ္စယော၊**

အာရုံစွဲမှတ် ၊ ကပ်၍ရှုပါ ၊ ဈာန်အင်္ဂါတို့ ၊ တူစွာဖြစ်ခြား ရုပ်နာမ်များကို ၊ ရှုခြားစေမှု ၊ သတ္တိစုဖြင့် ၊ ကျေးဇူးပြုခြား ဈာနပစ္စည်းတရားလည်းကောင်း။

**မဂ္ဂပစ္စယော၊**

ကောင်းဆိုးတရား၊ မဂ္ဂင်များက၊ ဖြစ်ပွားတူပြန်၊ ရုပ်နှင့်နာမ်ကို ဇကန်မြော်ရှု၊ လမ်းကြောင်းမှုဖြင့်၊ ကျေးဇူးပြုခြား၊ မဂ္ဂပစ္စည်းတရား လည်းကောင်း။

**သမ္ပယုတ္တပစ္စယော၊**

ဝတ္ထုအာရုံ၊ ဖြစ်တုံချုပ်ခြား၊ တူ ၄-ပါးဖြင့်၊ ပေါင်းထားသမှု ကျေးဇူးပြုခြား၊ သမ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

**ဝိပ္ပယုတ္တပစ္စယော၊**

ဝတ္ထုအာရုံ၊ ဖြစ်တုံချုပ်ပျက်၊ မတူချက်ကြောင့်၊ တွဲဘက်မရ ရုပ်က နာမ်ကို၊ နာမ်ဆို ရုပ်အား၊ တူဖြစ်ခြားလည်း၊ ကွဲပြားသမှု ကျေးဇူးပြုခြား၊ ဝိပ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

**အတ္ထိပစ္စယော၊**

ပစ္စုပ္ပန်မှာ၊ ရှိခိုက်သာလျှင်၊ မဂ္ဂါတူဘိ၊ ထင်ရှားရှိခြား၊ ကျိုးတရားကို၊ ဖြစ်ပွားစေမှု၊ ကျေးဇူးပြုခြား၊ အတ္ထိပစ္စည်းတရား လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



**နတ္ထိပစ္စယော**

လုံးဝချုပ်ဘိ၊ မရှိမှသာ၊ နောက်လာတရား၊ စိတ် စေများတို့၊ ဖြစ်ပွါးစေမှု ၊ကျေးဇူးပြုပြား ၊ နတ္ထိပစ္စည်းတရား လည်းကောင်း။

**ဝိဂတပစ္စယော၊**

ချုပ်ပျောက်ကင်းကွာ၊ ဖြစ်သောခါမှ၊ နောက်လာတရား၊ စိတ် စေများတို့၊ ဖြစ်ပွါးစေမှု၊ ကျေးဇူးပြုပြား၊ ဝိဂတ ပစ္စည်းတရား လည်းကောင်း၊၊

**အဝိဂတပစ္စယော၊**

ထင်ရှားရှိခါ၊ မကင်းကွာဘဲ၊ ဖြစ်လာအဟုတ်၊ နာမ်နှင့်ရုပ်တို့၊ မချုပ်သေးခင်၊ စွမ်းအင်ပေးမှု၊ ကျေးဇူးပြုပြား၊ အဝိဂတပစ္စည်းတရား လည်းကောင်း။

ဣတိ၊ ဤသို့၊ ပစ္စယုဒ္ဒေသေ၊ ပစ္စည်းတရား၊အကျဉ်းအားဖြင့်၊ ဟောကြားပြသ၊ ပစ္စယုဒ္ဒေသ၌၊စတုဝီသတိပစ္စယာ၊ ၂၄-ပစ္စည်း တို့ကို၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တာ ၊ ဟောတော်မူ အပ်ကုန်ပြီ။



## “အစိမ့်ပါယ်ဖွင့်ဆိုချက်”

### ၁၊ ဟေတုပစ္စည်း

အကျိုးတရားများ ခိုင်မြဲစွာတည်ရှိစေရန် အခြေအမြစ် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် “ဟေတုပစ္စည်း” မည်၏။ (ဟေတု = တည်ရှိရာ အခြေအမြစ်။ ပစ္စယော = အကျိုးတရားများအား ဖြစ်စေ၊ တည်ရှိစေသောအားဖြင့် ကျေးဇူးပြုခြင်း။)

ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခန့်စွာ တည်ရှိစေ၏၊ ရှင်သန် ကြီးထွားစေ၏။ ဟေတုပစ္စည်း ခေါ် ဟိတ် ၆-ပါးသည်လည်း အကျိုးတရားများကို ခိုင်ခန့်စွာ တည်ရှိစေ၏။

### ဟိတ် ၆–ပါး

ဟေတုကို “ဟိတ်”ဟု မြန်မာမှုပြု၏၊ အကျိုးတရားများ၏ ဖြစ်ရာတည်ရာ အကြောင်းဟု ဆိုလို၏။ ဟိတ်သည် ၆-မျိုးရှိ၏။

၁) လောဘ (လိုချင်မှု၊ တွယ်တာမှု)
၂) ဒေါသ (မုန်းတီးမှု၊ အလိုမကျမှု)
၃) မောဟ (တွေဝေမှု၊ အမှန်မသိမှု)
၄) အလောဘ (စွန့်လွှတ်မှု)
၅) အဒေါသ (အကျိုးလိုလားမှု)
၆) အမောဟ (အမှန်သိမြင်မှု)

www.burmeseclassic.com

www.burmeseclassic.com



ဤဟိတ် ၆-ပါးသည် စိတ်၌ ဖြစ်ပေါ်တတ်သော(စေတသိက်) တရားများ ဖြစ်၏။ ဤတရားတို့သည် မိမိတို့ဖြစ်ရာ စိတ်, ထိုစိတ်နှင့် အတူဖြစ်လာသော စေတသိက်, ထိုစိတ်ကြောင့် ဖြစ်လာသော စိတ္တဇရုပ်, ပဋိသန္ဓေဖြစ်ခိုက် သဟိတ်ပဋိသန္ဓေ ကမ္မရုပ်များအား အခြေအမြစ်သဖွယ် ကျေးဇူးပြု၏။

## ပစ္စည်း ပစ္စယုပ္ပန်

(ပစ္စယ = ပစ္စည်း = အကြောင်းတရား) (ပစ္စယုပ္ပန္န = ပစ္စယုပ္ပန် = အကြောင်းတရားကြောင့် ဖြစ်လာသောတရား၊ အကျိုးတရား)

| | |
|---|---|
| ပစ္စည်း | ဟိတ် ၆-ပါး။ |
| ပစ္စယုပ္ပန် | သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂၊<br>သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ |

## ကျေးဇူးပြုပုံ

ဟိတ် ၆-ပါး ပစ္စည်းတရားက ဆိုင်ရာအကျိုးတရားများအား ကျေးဇူးပြုပုံကို ဤသို့ မှတ်အပ်၏။

### လောဘ

တဦးတယောက်၏ စိတ်၌ လိုချင်မှု တွယ်တာမှု လောဘ ဖြစ်နေအံ့၊ လောဘဖြစ်သည်နှင့် တပြိုင်နက် လိုချင်မှု အကြောင်းခံသည့် အတွေးအကြံများ၊ ပြောဆိုပြုလုပ်မှုများဖြစ်လာ၏။ လောဘရှိနေသမျှ လိုချင်စိတ်များ လိုချင်သည့်အရာကို ရရှိနိုင်ရန်



ပြောဆို ပြုလုပ်မှုများ ရှိနေမည်သာ ဖြစ်၏။ ဤ၌ လိုချင်စိတ်များ ပြောဆိုပြုလုပ်များ ရှင်သန်တည်ရှိနေအောင် လောဘ က ဟေတုသတ္တိဖြင့် ကျေးဇူးပြုထားခြင်း ဖြစ်၏။

### ဒေါသ

အလိုမကျခြင်း၊ မုန်းတီးခြင်း ဒေါသ စိတ်၌ဖြစ်လာအံ့၊ ဒေါသစိတ်ဖြင့် ကြံစည်ခြင်း၊ ပြောဆိုပြုလုပ်ခြင်းများ ဖြစ်လာ၏။ ဒေါသရှိနေသမျှ မိမိ သူတပါး ပျက်စီးရာ ပျက်စီးကြောင်း စိတ်ကူးကြံစည်မှုများ၊ ပြောဆို ပြုလုပ်မှုများ တည်တံ့ ဖြစ်ပွါး ရှင်သန်နေကြမည်သာ ဖြစ်၏။

### မောဟ

တွေဝေခြင်း အမှန်မသိခြင်း မောဟဖြစ်လာအံ့၊ တွေဝေစိတ်များ မှားမှား ယွင်းယွင်း ပြောဆို ပြုလုပ်မှုများ ဖြစ်လာ၏။ မောဟ ရှိနေသမျှ အထင်မှား အမြင်မှား ပြောဆို ပြုလုပ်မှုများ ဖြစ်ပွါး တည်တံ့ ရှင်သန်နေကြမည်သာ ဖြစ်၏။

### အလောဘ

တဖန် လိုချင်တွယ်တာမှု မရှိခြင်း စွန့်လွှတ်ခြင်း အလောဘ ဖြစ်လာအံ့၊ လှူဒါန်း ပေးကမ်းရန် ကြံစည်စိတ်ကူးခြင်း ပြောဆို ပြုလုပ်ခြင်းများ ဖြစ်ပေါ် ရှင်သန်နေ၏။

### အဒေါသ

အမုန်းမပွါး မေတ္တာထားခြင်း၊ သူတပါးအကျိုးကို လိုလားခြင်း

www.burmeseclassic.com

www.burmeseclassic.com



အဒေါသ ဖြစ်လာအံ့။ အများအကျိုး ရှိရာရှိကြောင်း၊ ကြံစည်ခြင်း ပြောဆို ပြုလုပ်ခြင်းများ ဖြစ်ပေါ် ရှင်သန်နေ၏။

**အမောဟ**

မတွေဝေခြင်း အမှန်ကို သိမြင်ခြင်း၊ အမောဟဖြစ်လာအံ့။ အကြောင်းအကျိုး ဆင်ခြင်သိမြင်ခြင်း ပြောဆိုပြုလုပ်ခြင်းများ ဖြစ်ပေါ် ရှင်သန်နေ၏။

ဤသို့လျှင် ဟိတ် ၆-ပါးတို့သည် မိမိတို့ကိုအခြေခံသည့် စိတ်ကူးကြံစည်မှုများ (ယှဉ်ဖက်စိတ်စေတသိက်များ) ပြောဆို ပြုလုပ်မှုများ (စိတ္တဇရုပ်များ)ကို ဖြစ်ပွါး ရှင်သန် တည်တံ့နေအောင် ကျေးဇူးပြုကြပေသည်။ ဤဟိတ် ၆-ပါး၏ အကျိုးတရားများ အခြေခိုင်အောင် ရှင်သန် တည်တံ့နေအောင် စွမ်းဆောင်နိုင်သော သတ္တိထူးကိုပင် ဟေတုပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူခြင်း ဖြစ်၏။

## ၂။ အာရမ္မဏပစ္စည်း

အကျိုးတရား၏ အားပြု မှီတွယ်ရာ ပျော်မွေ့ရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် "အာရမ္မဏပစ္စည်း" မည်၏။

### အာရုံ ၆-မျိုး

စိတ်၊ စေတသိက်များသည် ပျော်မွေ့ရာ မှီတွယ်ရာ အာရုံနှင့် ကင်း၍ မဖြစ်နိုင်ကြ၊ အာရုံ တမျိုးမျိုးကို မှီတွယ် အားပြုရမှသာ ဖြစ်နိုင်ကြ၏။

စိတ်၏ ပျော်မွေ့ရာ မှီတွယ်ရာ အာရုံသည် ၆-မျိုးရှိ၏။



၁) ရူပါရုံ (အဆင်း)
၂) သဒ္ဒါရုံ (အသံ)
၃) ဂန္ဓာရုံ (အနံ့)
၄) ရသာရုံ (အရသာ)
၅) ဖောဋ္ဌဗ္ဗာရုံ (အတွေ့)
၆) ဓမ္မာရုံ (ကြံသိ အာရုံ)

တို့ဖြစ်၏။

ဓမ္မာရုံဟူရာ၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကာယ အကြည်ရုပ်များ၊ ထိုအကြည်ရုပ်များတွင် ထင်လာခြင်းမရှိသော ရုပ်များ၊ စိတ်အားလုံး၊ စေတသိက်အလုံး၊ နိဗ္ဗာန် ပညတ်များ ပါဝင်၏။ ပသာဒရုပ်များတွင် ထင်လာခြင်းမရှိပဲ စိတ်ဖြင့် ကြံတွေးသိရသော ထူးခြားသော ဉာဏ်ဖြင့်သာ သိရသော အာရုံမျိုးကို ဓမ္မာရုံဟု မှတ်။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | အာရုံ ၆-ပါး။ |
| ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂။ |

### ကျေးဇူးပြုပုံ

မျက်စိဖြင့် မြင်ရသော အဆင်းအာရုံကို မှီတွယ်၍ မြင်သိစိတ်များ ဖြစ်ကြ၏။ ဤ၌ မြင်သိစိတ်ကို အဆင်းအာရုံက မှီတွယ်ရာ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ထို့အတူ နားဖြင့်ကြားရသော အသံအာရုံကို မှီတွယ်၍

www.burmeseclassic.com

www.burmeseclassic.com



ကြားသိစိတ်များ ဖြစ်ကြ၏။ နှာခေါင်းဖြင့် နမ်းရှူရသော အနံ့အာရုံကို မှီတွယ်၍ နံသိစိတ်များ ဖြစ်ကြ၏။ လျှာဖြင့် လျက်ရသော အရသာ အာရုံကိုမှီတွယ်၍ လျက်သိစိတ်များ ဖြစ်ကြ၏။ ကိုယ်ဖြင့်ထိတွေ့ ရသော အတွေ့အာရုံကို မှီတွယ်၍ ထိသိစိတ်များ ဖြစ်ကြ၏။ စိတ်ကူးကြံတွေးမှု၊ စဉ်းစားဆင်ခြင်မှုဖြင့် သိရသော ဓမ္မာရုံ (ကြံသိအာရုံ)ကို မှီတွယ်၍ ကြံသိစိတ်များ ဖြစ်ကြ၏။ ဤသို့လျှင် အာရုံ ၆-မျိုးသည် ကြံစည်စိတ်ကူးမှုခေါ် စိတ်စေတသိက်များအား မှီတွယ်ရာ ပျော်မွေ့ရာအဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

စိတ်စေတသိက်မှန်သမျှအား မှီတွယ်ရာအဖြစ် ကျေးဇူး ပြုတတ်သော အာရုံ ၆-ပါး၏ စွမ်းဆောင်မှုသတ္တိကိုပင် အာရမ္မဏ ပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူခြင်းဖြစ်သည်။

## ၃၊ အဓိပတိပစ္စည်း

လွှမ်းမိုးကြီးစိုးသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အဓိပတိပစ္စည်း မည်၏။

### အဓိပတိပစ္စည်း ၂မျိုး

အဓိပတိပစ္စည်းသည်

၁) သဟဇာတ အဓိပတိ

၂) အာရမ္မဏ အဓိပတိ

ဟူ၍ ၂-မျိုး ရှိ၏။ ထိုတွင်

၁) အတူဖြစ်ဖက်တရားများကို လွှမ်းမိုး ကြီးစိုးတတ်သော ထက်သန်သော ဆန္ဒ၊ ကြီးမားကြံ့ခိုင်သော ဝီရိယ၊ ထက်မြက်သော



ဝီမံသ(ပညာ)၊ ခိုင်မာသောစိတ်၊ ဤ အဓိပတိတရား ၄-ပါးတို့သည် သဟဇာတ အဓိပတိ မည်၏။

၂) တွယ်တာစွဲမက် နှစ်သက်စရာ အာရုံနှင့် လေးနက် သိမ်မွေ့ မွန်မြတ်သော အာရုံတို့သည် အာရမ္မဏအဓိပတိမည်၏။

## ပစ္စည်းပစ္စယုပ္ပန်

### သဟဇာတအဓိပတိ

| | |
|---|---|
| ပစ္စည်း | အဓိပတိ ၄-ပါး မှ တပါးပါး |
| ပစ္စယုပ္ပန် | သာဓိပတိဇော ၅၂<br>ဝိစိကိစ္ဆာမှတပါး စေတသိက် ၅၁၊ သာဓိပတိစိတ္တဇရုပ် |

### အာရမ္မဏအဓိပတိ

၁

| | |
|---|---|
| ပစ္စည်း | လောကီစိတ် (ဒေါသမူ၊ မောဟမူ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်မှတပါး) ၇၆၊ စေတသိက် ၄၇၊ ဣဋ္ဌနိပ္ဖန္နရုပ် ၁၈၊ |
| ပစ္စယုပ္ပန် | လောဘမူစိတ် ၈-ခု၊ စေတသိက် ၂၂။ |

၂

| | |
|---|---|
| ပစ္စည်း | လောကီကုသိုလ်စိတ် ၁၇၊ |
| ပစ္စယုပ္ပန် | မဟာကုသိုလ်စိတ် ၈၊<br>စေတသိက် (ဝိရတီ အပ္ပမညာမှ တပါး) ၃၃၊ |

www.burmeseclassic.com

www.burmeseclassic.com



၃

| | |
|---|---|
| ပစ္စည်း | လောကုတ္တရာစိတ် ၈–နိဗ္ဗာန် |
| ပစ္စယုပ္ပန် | မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၈၊ |

၄

| | |
|---|---|
| ပစ္စည်း | နိဗ္ဗာန် |
| ပစ္စယုပ္ပန် | လောကုတ္တရာစိတ် ၈–ခု၊ |

### ကျေးဇူးပြုပုံ

ထက်သန်သော ဆန္ဒ မိမိစိတ်၌ ဖြစ်လာအံ့၊ ထိုဆန္ဒသည် မိမိ၏ စိတ်ကူး တွေးတောမှု မှန်သမျှ ပြောဆိုပြုလုပ်မှု မှန်သမျှကို လွှမ်းမိုး ကြီးစိုးထား၏။ ထို့အတူ ကြီးမားကြံ့ခိုင်သော ဝီရိယ၊ ထက်မြက်သော ဝီမံသ၊ ခိုင်မာသော စိတ်များသည် စိတ်ကူး တွေးတောမှု မှန်သမျှ၊ ပြောဆိုပြုလုပ်မှု မှန်သမျှကို လွှမ်းမိုး ကြီးစိုးထား၏။

ထို့ပြင် စွဲမက်စရာ နှစ်သက်စရာ အာရုံများသည် စွဲမက်တတ်သော စိတ်များကို လွှမ်းမိုး ကြီးစိုးလျက် ဖြစ်၏၊ အလေးအနက်ထားရမည့် အာရုံများသည် အလေးအနက်ထားတတ်သော စိတ်များကို လွှမ်းမိုး ကြီးစိုးလျက် ဖြစ်၏။

ဤသို့လျှင် လွှမ်းမိုး ကြီးစိုးလျက် ကျေးဇူးပြုတတ်သော အဓိပတိ တရား ၄–ပါးနှင့် စွဲမက်ဖွယ် အလေးအနက်ပြုဖွယ် အာရုံတို့၏ စွမ်းဆောင်မှု သတ္တိကိုပင် အဓိပတိပစ္စည်း၏ သတ္တိထူးဟု



## ၄၊ အနန္တရပစ္စည်း

မိမိ၏ အခြားမဲ့၌ အခြားအကွယ်မရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အနန္တရပစ္စည်း မည်၏။

### ပစ္စည်းပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | ရှေ့ရှေ့ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ |
| ပစ္စယုပ္ပန် | နောက်နောက်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ |

### ကျေးဇူးပြုပုံ

သတ္တဝါတို့သန္တာန်၌ စိတ်၊စေတသိက်တို့သည် အာရုံတမျိုးမျိုးကို မှီလျက် စိတ်ဖြစ်စဉ်(စိတ္တဝီထိ) တခုပြီးတခု စဉ်ဆက်မပြတ် ဖြစ်ပေါ်လျက်ရှိ၏။ စိတ္တနိယာမအတိုင်း ရှေ့ရှေ့စိတ်များ ချုပ်ပြီးသည်နှင့် နောက်နောက်စိတ်များဆက်တိုက် ဖြစ်လာ၏။ ထိုသို့ ဖြစ်ရာ၌ ရှေ့စိတ်နှင့် နောက်စိတ်တို့၏အကြား တရားဓမ္မတမျိုး ခြားကွယ်ခြင်း မရှိ၊ ခြားကွယ်ခြင်း မရှိသည်ကိုပင် အနန္တရဟု ဆိုသည်။ ရှေ့ရှေ့စိတ်ဖြစ်၍ ချုပ်ပြီးသည်နှင့်တပြိုင်နက် နောက်နောက်စိတ်များ ဖြစ်လာ၏။ ထိုသို့ ဖြစ်လာအောင် ရှေ့ရှေ့စိတ်များက နေရာ ဖယ်ပေးခြင်းအားဖြင့် နောက်နောက်စိတ်များကို ကျေးဇူးပြုကြ၏။

### စက္ခုဒွါရဝီထိ

မျက်စိနှင့်အဆင်းအာရုံတို့ ဆုံမိကြသောအခါ လက်ရှိစိတ်အစဉ်၏ အလွန်လျှင်မြန်မှုကြောင့် ဘဝင်စိတ်တကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်သွား၏။ ဝတ္ထုအာရုံ ထိခိုက်မှုအစွမ်းကြောင့် ဘဝင်နှစ်ကြိမ်ဖြစ်ကာ လှုပ်ရှားပြီး ပြတ်တောက် သွား၏။

ထို့နောက် အာရုံအသစ်သို့ ဦးလှည့်ပေးသော အာဝဇ္ဇန်းစိတ်၊ အဆင်းအာရုံကိုမြင်သော စက္ခုဝိညာဏ်စိတ်၊ အာရုံအသစ်ကို လက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်၊ စုံစမ်းသော သန္တီရဏစိတ်၊ ပိုင်းခြားမှတ်သားသော ဝုဋ္ဌောစိတ်၊ အာရုံသဘာဝကို သိရှိခံစားသော ဇောစိတ် ၇-ကြိမ်နှင့် ထိုဇောစိတ်၏အာရုံကို ထပ်မံရယူသော တဒါရုံစိတ် ၂-ကြိမ်ဖြစ်၍၊ ဤတွင် အသစ်ဝင်လာသော အဆင်းအာရုံ၏ သက်တမ်းသည် တကြိမ် ကုန်ဆုံးသွား၏။

## ဝီထိပုံစံ

"ဘ ဘ ဘ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ"

(ဘ = ဘဝင်၊ ပ = ပဉ္စဒွါရာဝဇ္ဇန်း ၊ စ= စက္ခုဝိညာဏ်၊ သံ =သမ္ပဋိစ္ဆိုင်း၊ တီ = သန္တီရဏ၊ ဝု = ဝုဋ္ဌော၊ ဇ = ဇော၊ ရုံ = တဒါရုံ )

ဤ၌ ပဌမ ဘဝင်စိတ်သည် ဒုတိယ ဘဝင်စိတ်အား၊ ဒုတိယ ဘဝင်စိတ်သည် တတိယ ဘဝင်စိတ်အား၊ တတိယ ဘဝင်စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းအား ဤသို့စသဖြင့် ရှေ့ရှေ့စိတ်များက နောက်နောက် စိတ်များအား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။

ရှေ့ရှေ့စိတ်သည် မိမိချုပ်ခြင်းအားဖြင့် နောက်နောက်စိတ်ဖြစ်ရန် လမ်းဖွင့်ပေးသည်။ မိမိ၏အခြားမဲ့၌ နောက်စိတ်ဖြစ်လာအောင် ကျေးဇူးပြုပေးသော ရှေ့စိတ်၏ စွမ်းဆောင်မှုသတ္တိကိုပင် အနန္တရပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။



## ၅၊ သမနန္တရပစ္စည်း

လုံးဝ အခြားအကွယ်မရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သမနန္တရပစ္စည်း မည်၏။

မှတ်ချက်။ ။ သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် အမည်မျှသာ ကွဲ၍ ဓမ္မအားဖြင့် လုံးဝ တူ၏။ ဝေနေယျဇ္ဈာသယ အားဖြင့် ၂-မျိုးခွဲဟောသည်ဟု မှတ်ရာ၏။

## ၆၊ သဟဇာတပစ္စည်း

အတူတကွဖြစ်လျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတပစ္စည်း မည်၏။

ဆီမီးသည် မိမိဖြစ်လာသည်နှင့်တပြိုင်နက် အလင်းရောင်ကို ဖြစ်စေသကဲ့သို့ စိတ် စေတသိက်နှင့် ရုပ်တရားများသည် မိမိတို့ ဖြစ်လာသည်နှင့် တပြိုင်နက် ကျေးဇူးပြုကြ၏။

## ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊<br>(၂) မဟာဘုတ် ၄၊<br>(၃) ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊ |
| ပစ္စယုပ္ပန် | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်<br>(၂) မဟာဘုတ်၊ ဥပါဒါရုပ်၊<br>(၃) ဟဒယဝတ္ထု၊ ပဋိသန္ဓေ နာမက္ခန္ဓာ၊ |

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးပြုပုံ

စိတ်တစ်ခုဖြစ်လာသောအခါ ယှဉ်ဖက်စေတသိက်များ အတူတကွ ဖြစ်လာကြ၏။ အတူတကွဖြစ်ကြသော စိတ်၊ စေတသိက်တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြ၏။ တဖန် ထို စိတ်၊ စေတသိက်များသည် အတူတကွဖြစ်ကြသော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုကြ၏။

မဟာဘုတ် ၄-ပါးသည် မိမိတို့အချင်းချင်းနှင့် ဥပါဒါရုပ်များအား အတူတကွဖြစ်ကာ ကျေးဇူးပြုကြ၏။

ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အတူတကွဖြစ်လျက် အပြန်အလှန် ကျေးဇူးပြုကြ၏။ သို့ရာတွင် ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေအခါ၌သာ နာမ်တရားအား ကျေးဇူးပြု၍ ပဝတ္တိအခါ၌မူ ကျေးဇူးမပြုချေ။

ဤသို့ အတူအကွဖြစ်လျက် ကျေးဇူးပြုတတ်သော အကြောင်းတရားများ၏ သတ္တိကိုပင် သဟဇာတပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူ၏။

## ၇၊ အညမညပစ္စည်း

အပြန်အလှန် အထောက်အကူဖြစ်လျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အညမညပစ္စည်း မည်၏။



## ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊<br>(၂) မဟာဘုတ် ၄၊<br>(၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊ |
| ပစ္စယုပ္ပန် | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊<br>(၂) မဟာဘုတ် ၄၊<br>(၃) ဟဒယဝတ္ထု ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ |

## ကျေးဇူးပြုပုံ

သုံးချောင်းထောက်ခုံ၏ ခြေထောက်သုံးချောင်းသည် တကွဖြစ်လျက် အပြန်အလှန် အထောက်အကူပြုကြ၏။ ထို့အတူ စိတ် စေတသိက် အချင်းချင်း မဟာဘုတ်အချင်းချင်း ပဋိသန္ဓေခဏ နာမ်ရုပ်အချင်းချင်း အတူတကွဖြစ်ကာ အပြန်အလှန် အထောက်အကူပြုကြ၏။

ဤသို့ အတူတကွဖြစ်ပြီး အပြန်အလှန် အထောက်အကူပြုတတ်သော အကြောင်းတရား၏ သတ္တိကိုပင် အညမညပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၈၊ နိဿယပစ္စည်း

တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် နိဿယပစ္စည်း မည်၏။

### နိဿယပစ္စည်း ၂မျိုး

နိဿယပစ္စည်းသည်

၁) သဟဇာတနိဿယ

၂) ပုရေဇာတနိဿယ

ဟူ၍ ၂မျိုးရှိ၏။

ထိုတွင် အတူတကွဖြစ်ပြီး တည်ရာမှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတနိဿယ မည်၏။ ရှေးဦးဖြစ်နှင့်ပြီး မိမိတည်ရှိခိုက်မှာ တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတနိဿယ မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

#### (၁) သဟဇာတနိဿယ

| | |
|---|---|
| ပစ္စည်း | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊<br>(၂) မဟာဘုတ် ၄၊<br>(၃) ပဋိသန္ဓေ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊ |
| ပစ္စယုပ္ပန် | (၁) စိတ် ၈၉၊ စေတသိက် ၅၂၊<br>(၂) မဟာဘုတ် ၊ ဥပါဒါရုပ်၊<br>(၃) ဟဒယဝတ္ထု ပဉ္စဝေါကာရ |

BURMESE CLASSIC .com



#### (၂) ပုရေဇာတနိဿယ

| | |
|---|---|
| ပစ္စည်း | ဝတ္ထုရုပ် ၆-ပါး။ |
| ပစ္စယုပ္ပန် | ဝတ္ထုရုပ်ကို မှီ၍ ဖြစ်သောစိတ်၊ စေတသိက်များ၊ |

### ကျေးဇူးပြုပုံ

စိတ်၊ စေတသိက်နှင့် အချို့သောရုပ်တရားတို့သည် အတူတကွဖြစ်ကြပြီး မိမိတို့အချင်းချင်းအား တည်ရာ မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ထို့ပြင် ကြိုတင်ဖြစ်နှင့်၍ ထင်ရှားရှိနေသော ဝတ္ထုရုပ်တို့သည် မိမိတို့နောက်မှ ဖြစ်လာ၍ ဝတ္ထုရုပ်ကို မှီတတ်သော စိတ်၊ စေတသိက်များအား တည်ရာမှီရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

ဥပမာ၊ ကမ္ဘာမြေသည် သစ်ပင်များ၏ တည်ရာ မှီရာ ဖြစ်ကာ ကျေးဇူးပြုသကဲ့သို့ ပန်းချီကားချပ်သည် ရုပ်ပုံလွှာများ၏ တည်ရာ မှီရာဖြစ်ကာ ကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုကြပေသည်။

ဤသို့ အတူတကွဖြစ်ပေါ်လာ၍လည်းကောင်း၊ ကြိုတင်ဖြစ်နှင့်၍လည်းကောင်း။ တည်ရာ မှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် နိဿယပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူသည်။

## ၉၊ ဥပနိဿယ ပစ္စည်း

အင်အားကြီးမားသော မှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဥပနိဿယပစ္စည်း မည်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဥပနိဿယပစ္စည်း ၃-မျိုး

ဥပနိဿယပစ္စည်းသည် ၃-မျိုးရှိ၏။

၃-မျိုးမှာ

(၁) အာရမ္မဏ ဥပနိဿယ၊

(၂) အနန္တရ ဥပနိဿယ၊

(၃) ပကတ ဥပနိဿယ တို့ဖြစ်၏။

ထိုတွင် စိတ်၏မှီရာ ပျော်မွေ့ရာဖြစ်၍ အင်အားကြီးမားသော အကြောင်းတရားသည် အာရမ္မဏ ဥပနိဿယ မည်၏။ အခြားမဲ့ အင်အားကြီးမားသော အကြောင်းတရားသည် အနန္တရ ဥပနိဿယမည်၏။ မိမိသန္တာန်၌ ဖြစ်ပေါ်စေပြီး မှီဝဲရရှိပြီး အားကြီးသောအကြောင်းတရားသည် ပကတဥပနိဿယမည်၏။

## ပစ္စည်း ပစ္စယုပ္ပန်

### (၁) အာရမ္မဏ ဥပနိဿယ

| | |
|---|---|
| ပစ္စည်း | စွဲမက်ဖွယ် နှစ်သက်ဖွယ်ဖြစ်၍ လွှမ်းမိုးကြီးစိုးနိုင်သော အာရုံတရား။ |
| ပစ္စယုပ္ပန် | အဆိုပါ အာရုံတရားကို အလေးအနက် အာရုံပြုသော စိတ် စေတသိက်များ |



### (၂) အနန္တရ ဥပနိဿယ

| | |
|---|---|
| ပစ္စည်း | ရှေ့ရှေ့ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ |
| ပစ္စယုပ္ပန် | နောက်နောက်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ |

### (၃) ပကတ ဥပနိဿယ

| | |
|---|---|
| ပစ္စည်း | အင်အားကြီးမားသော ရှေ့ရှေ့ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ပညတ်၊ |
| ပစ္စယုပ္ပန် | နောက်နောက်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ |

## ကျေးဇူးပြုပုံ

စွဲမက်ဖွယ် နှစ်သက်ဖွယ် အာရုံများသည် ထိုအာရုံများ အပေါ် အလေးအနက်ထားတတ်သော စိတ်၊ စေတသိက်များ၏ အင်အားကြီးမားသော အကြောင်းတရားဖြစ်၏။

ရှေ့ရှေ့စိတ်များသည် မျိုးတူသည်ဖြစ်စေ မျိုးကွဲသည်ဖြစ်စေ နောက်နောက်စိတ်များ၏ အင်အားကြီးမားသော အကြောင်းတရား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တရား၊ မိမိတွေ့ကြုံခံစားရသော ဥတုရာသီ ၊ အစာအာဟာရ ၊ နေထိုင်စရာ အဆောက်အအုံ စသောအရာဝတ္ထု ၊ ပေါင်းသင်းဆက်ဆံရသော ပုဂ္ဂိုလ်တို့သည် အင်အားကြီးမားသော အကြောင်းတရားများ ဖြစ်ကြ၏။

ဤသို့လျှင် အင်အားကြီးမားသော မှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ သတ္တိကိုပင် ဥပနိဿယပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၀၊ ပုရေဇာတ ပစ္စည်း

ရှေးဦးကြိုတင်ဖြစ်ပြီး တည်ရှိနေစဉ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတပစ္စည်း မည်၏။

ပုရေဇာတပစ္စည်းသည်

၁) အာရမ္မဏ ပုရေဇာတ

၂) ဝတ္ထုပုရေဇာတ ဟူ၍

၂-မျိုးရှိ၏။ ထိုတွင် အာရုံဖြစ်လျက် ရှေးဦးကြိုတင်ဖြစ်ပြီး ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အာရမ္မဏ ပုရေဇာတ မည်၏။ မှီရာဝတ္ထုဖြစ်လျက် ရှေးဦးကြိုတင်ဖြစ်ပြီး ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝတ္ထုပုရေဇာတ မည်၏။



## ပစ္စည်း ပစ္စယုပ္ပန်

### (၁) အာရမ္မဏ ပုရေဇာတ

| | |
|---|---|
| ပစ္စည်း | နိပ္ဖန္နရုပ် ၁၈-ဟူသော အာရုံ ၆-ပါး။ |
| ပစ္စယုပ္ပန် | ကာမစိတ် ၅၄၊ အဘိညာဉ် ၂၊ (အပ္ပမညာမှတပါး) စေတသိက် ၅၀၊ |

### (၂) ဝတ္ထုပုရေဇာတ

| | |
|---|---|
| ပစ္စည်း | ဝတ္ထုရုပ် ၆-ပါး၊ |
| ပစ္စယုပ္ပန် | ဝတ္ထုရုပ်ကို မှီ၍ဖြစ်သော စိတ်၊ စေတသိက်များ |

### ကျေးဇူးပြုပုံ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့စသော အာရုံများသည် ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေစဉ် ထိုအာရုံကို မှီတွယ်ဖြစ်ကြသည့် စိတ်၊ စေတသိက်များအား ကျေးဇူးပြုကြ၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ဟူသော ဝတ္ထုရုပ်များသည် ရှေးဦးဖြစ်နှင့်ပြီး မိမိတို့တည်ရှိနေစဉ် နောက်မှ ဖြစ်လာသည့် စိတ်၊ စေတသိက် များအား ကျေးဇူးပြုကြ၏။

ဤသို့လျှင် ရှေးဦးကြိုတင်ဖြစ်၍ တည်ရှိနေစဉ် နောက်မှ ဖြစ်လာသည့် စိတ်၊ စေတသိက်များအား ကျေးဇူးပြုတတ်သော

www.burmeseclassic.com

www.burmeseclassic.com



စွမ်းဆောင်မှု သတ္တိကိုပင် ပုရေဇာတပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၁၊ ပစ္ဆာဇာတပစ္စည်း

ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသော တရားကို နောက်မှ ဖြစ်လာပြီး အထောက်အကူပြုသော အကြောင်းတရားသည် ပစ္ဆာဇာတပစ္စည်း မည်၏။

### ပစ္စည်းပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | နောက်နောက်၌ဖြစ်သော အရူပဝိပါက် ၄-ခုမှ တပါး စိတ် ၈၅၊ စေတသိက် ၅၂၊ |
| ပစ္စယုပ္ပန် | ရှေ့ရှေ့စိတ်နှင့်အတူ ဖြစ်လာခဲ့သော ရုပ်တရားများ |

### ကျေးဇူးပြုပုံ

မျှော်လင့်ချက်အာသာသည် နောက်မှဖြစ်လာသော်လည်း ဖြစ်နှင့်ကာ တည်ရှိပြီး ကိုယ်ကာယအား အထောက်အကူပြုနိုင်၏။ နောက်မှ ဖြစ်ပေါ်လာသည့် စိတ်၊ စေတသိက်များသည် ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသော ရုပ်အပေါင်းအား ကျေးဇူးပြု၏။

ဤသို့ ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသည့်တရားအား နောက်မှဖြစ်လာပြီး အထောက်အကူ ကျေးဇူးပြုသော အကြောင်းတရား၏ သတ္တိကိုပင် ပစ္ဆာဇာတပစ္စည်း၏ သတ္တိထူးဟု ဟောတော်



မူ၏။

## ၁၂၊ အာသေဝန ပစ္စည်း

မိမိ၏အခြားမဲ့၌ဖြစ်သော တရားများကို အဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်းဖြင့် ကျင့်သားရပြီး အားကောင်းလာစေရန် စွမ်းဆောင်တတ်သော အကြောင်းတရားသည် အာသေဝနပစ္စည်း မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | ရှေ့ရှေ့၌ဖြစ်သော လောကီဇော စိတ် ၄၇၊ စေတသိက် ၅၂၊ |
| ပစ္စယုပ္ပန် | နောက်နောက်၌ဖြစ်သော ဖိုလ်ဇောမှတပါး ဇောစိတ် ၅၁၊ စေတသိက် ၅၂၊ |

### ကျေးဇူးပြုပုံ

ရှေ့ရှေ့၌ဖြစ်သော ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇောစိတ်များသည် မိမိ၏အခြားမဲ့၌ဖြစ်သော နောက်နောက် မျိုးတူဇောစိတ်များအား အဖန်ဖန် အထပ်ထပ်ဖြစ်စေခြင်းဖြင့် အင်အားကြီးထွားစေရန် ကျေးဇူးပြု၏။ ဥပမာ ၊ စာပေသင်ယူရာ၌ ရှေ့ရှေ့သင်ယူမှုက နောက်နောက် သင်ယူမှုအား လွယ်ကူအောင် ကျေးဇူးပြုသကဲ့သို့တည်း။

ဤသို့လျှင် မိမိ၏အခြားမဲ့၌ အလားတူတရားများကို

www.burmeseclassic.com

www.burmeseclassic.com



အဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်း ကျင့်သားရပြီး အားရှိအောင် စွမ်းဆောင်နိုင်သော ရှေ့ရှေ့ဇောစိတ်များ၏ သတ္တိကိုပင် အာသေဝန ပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၃။ ကမ္မပစ္စည်း

စိတ်၏ ဗျာပါရဟုဆိုအပ်သော ပြုလုပ်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ကမ္မပစ္စည်း မည်၏။

### ကမ္မပစ္စည်း ၂-မျိုး

ကမ္မပစ္စည်းသည်

၁) နာနာက္ခဏိက ကမ္မ

၂) သဟဇာတ ကမ္မ

ဟူ၍ ၂-မျိုးရှိ၏။ ထိုတွင်

မိမိဖြစ်ဆဲခဏ၌ အကျိုးကိုမဖြစ်စေဘဲ မတူကွဲပြားသော ခဏ၌သာ အကျိုးကို ဖြစ်စေတတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာကံကို နာနာက္ခဏိကကမ္မ ဟု ခေါ်၏။

စေတနာ စေတသိက်သည် မိမိနှင့် အတူတကွဖြစ်ကြသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြု၏။ ဤသို့ တကွဖြစ်ဖက်တရားများအား ကျေးဇူးပြုတတ်သော စေတနာကို သဟဇာတကမ္မ ဟု ခေါ်၏။



### ပစ္စည်း ပစ္စယုပ္ပန်

### (၁) နာနာက္ခဏိက ကမ္မ

| | |
|---|---|
| ပစ္စည်း | ကုသိုလ်စေတနာ ၂၁၊ အကုသိုလ်စေတနာ ၁၂၊ |
| ပစ္စယုပ္ပန် | ဝိပါက် စိတ် ၃၆၊ စေတသိက် ၃၈၊ ကမ္မဇရုပ်၊ |

### (၂) သဟဇာတ ကမ္မ

| | |
|---|---|
| ပစ္စည်း | စေတနာ |
| ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတနာမှတပါး စေတသိက် ၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |

### ကျေးဇူးပြုပုံ

ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ၊ အကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာ (ကုသိုလ်ကံ၊ အကုသိုလ်ကံ)သည် အကျိုးဝိပါက် စိတ် စေတသိက်များ၊ ကမ္မဇရုပ်များ ဖြစ်ပေါ်စေရန် ကျေးဇူးပြု၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံသည် မိမိဖြစ်ခိုက်ခဏ၌ အကျိုးတရားများကို မဖြစ်ပေါ်စေ။ မိမိချုပ်ငြိမ်းပြီးနောက် မိမိအခြားမဲ့ခဏ၌ဖြစ်စေ၊ အချိန်ကြာမြင့်ပြီးမှ ဖြစ်စေ အကျိုးတရားများကို ဖြစ်ပေါ်စေသည်။

ထို့ပြင် စေတနာစေတသိက်သည် မိမိနှင့်အတူတကွ

www.burmeseclassic.com



မိမိ၏ဗျာပါရမျိုး ဖြစ်ပေါ်စေလျက် ကျေးဇူးပြု၏။

ဤသို့လျှင် အကျိုးဝိပါက် စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ်စေတတ်သော ကံတရား၏လည်းကောင်း၊ အတူတကွ ဖြစ်သော စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအား စေတနာဗျာပါရမျိုး ဖြစ်စေရန် ကျေးဇူးပြုတတ်သော စေတနာ စေတသိက်၏လည်းကောင်း စွမ်းဆောင်မှုသတ္တိကိုပင် ကမ္မပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူသည်။

## ၁၄၊ ဝိပါကပစ္စည်း

အားထုတ်မှုကင်း ငြိမ်သက်ခြင်းမျိုးဖြစ်စေရန် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိပါကပစ္စည်း မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈၊ |
| ပစ္စယုပ္ပန် | ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |

### ကျေးဇူးပြုပုံ

ဝိပါက်စိတ်၊ စေတသိက်တို့သည် ကံတရား၏ အကျိုးပုံရိပ်များသာဖြစ်၍ အားထုတ်မှုကင်းသော ငြိမ်သက်ခြင်းဖြင့် ငြိမ်သက်ကြ၏။ ၎င်းတို့သည် မိမိတို့အချင်းချင်းနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအား အားထုတ်မှုကင်း ငြိမ်သက်ခြင်းရှိစေရန် ကျေးဇူးပြုကြ၏။



ဤသို့လျှင် အားထုတ်မှုကင်း ငြိမ်သက်ခြင်း ဖြစ်စေရန် ကျေးဇူးပြုတတ်သော ဝိပါက်စိတ်၊ စေတသိက်တို့၏ စွမ်းဆောင်မှု သတ္တိကိုပင် ဝိပါကပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၅၊ အာဟာရပစ္စည်း

သက်ဆိုင်ရာ အကျိုးတရားများကို လွန်စွာစွမ်းဆောင်နိုင်သော အကြောင်းတရားသည် အာဟာရပစ္စည်း မည်၏။

### အာဟာရပစ္စည်း ၂-မျိုး

အာဟာရပစ္စည်းသည်

၁) ရုပ်အာဟာရ

၂) နာမ်အာဟာရ

ဟူ၍ ၂-မျိုးရှိ၏။ ထိုတွင်

အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အကြောင်းတရား ၄-ပါးကြောင့် ဖြစ်သော သြဇာသည် ရုပ်အာဟာရ မည်၏၊ ၎င်း သြဇာရုပ်သည် အစာအာဟာရများ၌ တည်ရှိ၏၊ သြဇာ၏တည်ရာ အစာအာဟာရကို အတုံးအခဲ အလုပ်အလွေ့ပြု၍ စားမျိုအပ်သောကြောင့် ကဗဠီကာရ အာဟာရ ဟု ခေါ်၏။

နာမ်အာဟာရသည် ဖဿ၊ စေတနာ၊ ဝိညာဉ် ဟူ၍ ၃-မျိုး ရှိ၏။ ရုပ်အာဟာရ ၁-ပါး၊ နာမ်အာဟာရ ၃-ပါးရှိသဖြင့် အာဟာရ ၄-ပါးရှိသည်ဟု မှတ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စည်း ပစ္စယုပ္ပန်

### (၁) ရုပ်အာဟာရပစ္စည်း

| | |
|---|---|
| ပစ္စည်း | ဩဇာ |
| ပစ္စယုပ္ပန် | အာဟာရကြောင့် ဖြစ်သော ရုပ်များ၊<br>တနည်း အကြောင်း ၄-ပါးကြောင့် ဖြစ်သော ရုပ်များ၊ |

### (၂) နာမ်အာဟာရပစ္စည်း

| | |
|---|---|
| ပစ္စည်း | ဖဿ၊ စေတနာ၊ ဝိညာဉ်၊ |
| ပစ္စယုပ္ပန် | စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်၊ |

### ကျေးဇူးပြုပုံ

ကဗဠီကာရ အာဟာရခေါ် ဩဇာရုပ်သည် သက်ရှိသတ္တဝါများ၏ ကိုယ်ကာယ ရှည်ကြာစွာ တည်ရှိဖွံ့ထွားအောင် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

ဖဿ အာဟာရသည် ခံစားမှုဝေဒနာ ဖြစ်ပေါ်အောင် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

စေတနာသည် ပဋိသန္ဓေကို ဖြစ်ပေါ်စေရန် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

ဝိညာဉ်သည် နာမ်ရုပ် တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်



လျက် ကျေးဇူးပြု၏။

ဤသို့လျှင် ရုပ်ခန္ဓာ၏ တည်တံ့ ဖွံ့ထွားမှုကို စွမ်းဆောင်သော ဩဇာ၏သတ္တိ၊ ဝေဒနာကိုဖြစ်ပေါ်စေတတ်သော ဖဿ၏သတ္တိ၊ ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော စေတနာ၏သတ္တိ၊ နာမ်ရုပ်များ တိုးတက် ဖြစ်ပွားစေရန် စွမ်းဆောင်တတ်သော ဝိညာဉ်၏ သတ္တိကိုပင် အာဟာရပစ္စည်း ၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၆၊ ဣန္ဒြိယပစ္စည်း

မိမိဆိုင်ရာကိစ္စ၌ အစိုးတရချုပ်ကိုင်အုပ်စိုးလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဣန္ဒြိယပစ္စည်း မည်၏။

### ဣန္ဒြိယပစ္စည်း ၃-မျိုး

ဣန္ဒြိယပစ္စည်းသည်

(၁) သဟဇာတ ဣန္ဒြိယ

(၂) ပုရေဇာတ ဣန္ဒြိယ

(၃) ရူပဇီဝိတ ဣန္ဒြိယ

ဟူ၍ ၃-မျိုးရှိ၏။ ထိုတွင်

အတူတကွဖြစ်လျက် ကြီးစိုးကာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတ ဣန္ဒြိယ မည်၏။

ရှေးဦးဖြစ်နှင့်ကာ ကြီးစိုးလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတ ဣန္ဒြိယ မည်၏။

ကမ္မဇရုပ်များကို ကြီးစိုးလျက် ကျေးဇူးပြုတတ်သော အကြောင်း တရားသည် ရူပဇီဝိတ ဣန္ဒြိယ မည်၏။

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စည်း ပစ္စယုပ္ပန်

### (၁) သဟဇာတ ကြန္ဒြိယ

| | |
|---|---|
| ပစ္စည်း | ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသော နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါး၊ |
| ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ |

### (၂) ပုရေဇာတ ဣန္ဒြိယ

| | |
|---|---|
| ပစ္စည်း | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဝတ္ထုရုပ် ၅-ပါး၊ |
| ပစ္စယုပ္ပန် | ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု၊ |

### (၃) ရူပဇီဝိတိန္ဒြိယ

| | |
|---|---|
| ပစ္စည်း | ရုပ်ဇီဝိတ |
| ပစ္စယုပ္ပန် | ရုပ်ဇီဝိတမှ တပါးသော ကလာပ်တူ ကမ္မဇရုပ် ၉-ခု |



## ကျေးဇူးပြုပုံ

နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟူသော နာမ်ပိုင်းဆိုင်ရာ ဣန္ဒြေတရားများသည် ဆိုင်ရာကိစ္စ အသီးသီး၌ အတူတကွဖြစ်သော နာမ်ရုပ်တရားများအား ကြီးစိုးလျက် ကျေးဇူးပြု၏။

စက္ခုန္ဒြေ(ခေါ်)မျက်စိအကြည်ရုပ်သည် မြင်သိစိတ်၊ စေတသိက် တရားများအား မြင်မှုကိစ္စ၌ ကြီးစိုးလျက် ကျေးဇူးပြု၏။ **ထင်ရှားစေအံ့၊** မျက်စိအကြည်ရုပ် အားကောင်းလျှင် မြင်သိစိတ် အားကောင်း၏။ အားနည်းလျှင် အားနည်း၏။ ဤသည် မြင်မှုကိစ္စ၌ မျက်စိအကြည်ရုပ် (စက္ခုန္ဒြေ)က မြင်သိစိတ် စေတသိက်တို့ကို စိုးပိုင်ချုပ်ကိုင်ထားပုံ ဖြစ်၏။

ထို့အတူ သောတိန္ဒြေ (နားအကြည်ရုပ်) သည် ကြားမှုကိစ္စ၌ ကြားသိစိတ်၊ စေတသိက်များကို ကြီးစိုးထား၏။ ဃာနိန္ဒြေ (နှာခေါင်း အကြည်ရုပ်)သည် နမ်းရှူမှုကိစ္စ၌ နံသိစိတ်၊ စေတသိက်များကို ကြီးစိုး၏။ ဇိဝှိန္ဒြေ (လျှာ အကြည်ရုပ်)သည် လျက်မှုကိစ္စ၌ လျက်သိစိတ် စေတသိက်များကို ကြီးစိုး၏။ ကာယိန္ဒြေ (ကိုယ် အကြည်ရုပ်)သည် ထိတွေ့မှုကိစ္စ၌ ထိသိ စိတ် စေတသိက်များကို ကြီးစိုး၏။

ရုပ်ဇီဝိတိန္ဒြေသည် စောင့်ထိန်းမှုကိစ္စ ကမ္မဇရုပ် (ကဋတ္တာ ရုပ်)များကို ကြီးစိုး၏။

ဤသို့လျှင် မိမိဆိုင်ရာကိစ္စ၌ အစိုးတရချုပ်ကိုင် အုပ်စိုးလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားများ၏ စွမ်းဆောင်မှု သတ္တိကို ပင် ဣန္ဒြိယပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၇၊ ဈာနပစ္စည်း

အာရုံကို စူးစိုက်ရှုလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဈာနပစ္စည်း မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၅-ပါး။ |
| ပစ္စယုပ္ပန် | ဒွိပဉ္စဝိညာဏ်မှတပါး စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ |

### ကျေးဇူးပြုပုံ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၅-ပါးတို့သည် အတူတကွဖြစ်ကြသော စိတ် စေတသိက်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်များအား အာရုံကို စူးစိုက်ရှုစေလျက် ကျေးဇူးပြု၏။

**မှတ်ချက်။** သမထကျင့်စဉ်ဖြင့် ရရှိလာသော ဈာန်တရားကိုသာ ဈာနပစ္စယောဟု ဟောသည်မဟုတ်၊ အကုသိုလ်စိတ်နှင့် ယှဉ်သော ဝိတက် စသည်ကိုပါ ဈာနပစ္စယောဟု ဟောတော်မူသည်ဟု မှတ်။

ဤသို့ အာရုံကို စူးစိုက်ရှုစေလျက် ကျေးဇူးပြုတတ်သော



အကြောင်းတရား၏ စွမ်းဆောင်မှု သတ္တိကိုပင် ဈာနပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၁၈၊ မဂ္ဂပစ္စည်း

ထုတ်ဆောင်တတ်သော လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် မဂ္ဂပစ္စည်း မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | ပညာ၊ ဝိတက်၊ ဝိရတီ ၃-ခု၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ၊ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး။ |
| ပစ္စယုပ္ပန် | သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ |

### ကျေးဇူးပြုပုံ

မဂ္ဂင်တရားကိုယ် ၉-ပါးသည် အတူတကွဖြစ်သော စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်များကို ထုတ်ဆောင်တတ်သော လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြု၏။

ဤသို့ အကျိုးတရားများကိုပါ ထုတ်ဆောင်တတ်သော လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး ၏ စွမ်းဆောင်မှုသတ္တိကိုပင် မဂ္ဂပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉။ သမ္ပယုတ္တပစ္စည်း

ယှဉ်တွဲပေါင်းစပ်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သမ္ပယုတ္တပစ္စည်း မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

| | |
|---|---|
| ပစ္စည်း | စိတ် ၈၉၊ စေတသိက် ၅၂။ |
| ပစ္စယုပ္ပန် | စိတ် ၈၉၊ စေတသိက် ၅၂။ |

### ကျေးဇူးပြုပုံ

မိုရာဝတ္တု တူခြင်း၊ အာရုံပြုရာ တူခြင်း၊ ဖြစ်မှုခဏ တူခြင်း၊ ချုပ်မှုခဏ တူခြင်း ဟူ၍ ပေါင်းစပ်ယှဉ်တွဲမှု လက္ခဏာ ၄-ရပ်နှင့် အညီဖြစ်သော စိတ် စေတသိက်များသည် အချင်းချင်းအပြန်အလှန် ယှဉ်တွဲပေါင်းစပ်ခြင်း အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

ဤသို့ ယှဉ်တွဲပေါင်းစပ်သောအားဖြင့် ကျေးဇူးပြုတတ်သော စိတ် စေတသိက်တို့၏ စွမ်းဆောင်မှုသတ္တိကိုပင် သမ္ပယုတ္တပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူသည်။

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း

အတူတကွတည်ရှိကြသော်လည်း ပေါင်းစပ်ရောနှောခြင်း မရှိပဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိပ္ပယုတ္တပစ္စည်း မည်၏။



### ဝိပ္ပယုတ္တပစ္စည်း ၃-မျိုး

ဝိပ္ပယုတ္တပစ္စည်းသည်

(၁) သဟဇာတ ဝိပ္ပယုတ္တ

(၂) ပုရေဇာတ ဝိပ္ပယုတ္တ

(၃) ပစ္ဆာဇာတ ဝိပ္ပယုတ္တ

ဟူ၍ ၃-မျိုးရှိ၏။

ထိုတွင် အတူတကွဖြစ်လျက် ပေါင်းစပ်ရောနှောခြင်းမရှိပဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတ ဝိပ္ပယုတ္တ မည်၏။

ရှေးဦးဖြစ်နှင့်၍ ပေါင်းစပ်ရောနှောခြင်းမရှိပဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတ ဝိပ္ပယုတ္တ မည်၏။

နောက်မှဖြစ်ပြီး ရောနှောပေါင်းစပ်ခြင်းမရှိပဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပစ္ဆာဇာတ ဝိပ္ပယုတ္တ မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

#### (၁) သဟဇာတ ဝိပ္ပယုတ္တ

| | |
|---|---|
| ပစ္စည်း | ရုပ်ကိုဖြစ်စေတတ်သော စိတ် ၇၅၊ စေတသိက် ၅၂။နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ |
| ပစ္စယုပ္ပန် | စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်နှင့် ဟဒယဝတ္ထု၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ |

www.burmeseclassic.com

www.burmeseclassic.com



### (၂) ပုရေဇာတဝိပ္ပယုတ္တ

ပုရေဇာတပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန် တူ၏။

### (၃) ပစ္ဆာဇာတဝိပယုတ္တ

ပစ္ဆာဇာတပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန် တူ၏။

## ကျေးဇူးပြုပုံ

ရုပ်တရားများနှင့် နာမ်တရားများ၊ နာမ်တရားများနှင့် ရုပ်တရားများ တို့သည် အတူတကွတည်ရှိကြသော်လည်း ပေါင်းစပ်ရောနှောခြင်း မရှိပဲ ကျေးဇူးပြုကြ၏။ ဤသို့ ပေါင်းစပ်ရောနှောခြင်း မရှိပဲ ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် ဝိပ္ပယုတ္တပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၂၁၊ အတ္ထိပစ္စည်း

ရှိနေခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အတ္ထိပစ္စည်း မည်၏။

### အတ္ထိပစ္စည်း ၅-မျိုး

အတ္ထိပစ္စည်းသည်

(၁) သဟဇာတ အတ္ထိ
(၂) ပုရေဇာတ အတ္ထိ
(၃) ပစ္ဆာဇာတ အတ္ထိ
(၄) အာဟာရ အတ္ထိ
(၅) ဣန္ဒြိယ အတ္ထိ



ဟူ၍ ၅-မျိုးရှိ၏။

ထိုတွင် အတူတကွဖြစ်ပြီး ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတ အတ္ထိ မည်၏။

ရှေးဦးဖြစ်နှင့်ပြီး ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတ အတ္ထိမည်၏။

နောက်မှဖြစ်၍ ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပစ္ဆာဇာတ အတ္ထိ မည်၏။

စွမ်းဆောင်မှုလွန်ကဲ၍ ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အာဟာရ အတ္ထိ မည်၏။

ချုပ်ကိုင်အုပ်စိုးလျက် ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဣန္ဒြိယအတ္ထိ မည်၏။

### ပစ္စည်း ပစ္စယုပ္ပန်

သဟဇာတ အတ္ထိသည် သဟဇာတနှင့်တူ၏။
ပုရေဇာတ အတ္ထိသည် ပုရေဇာတနှင့်တူ၏။
ပစ္ဆာဇာတ အတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။
အာဟာရ အတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။
ဣန္ဒြိယ အတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။

## ကျေးဇူးပြုပုံ

မိမိနှင့်ပြိုင်တူဖြစ်သည် ဖြစ်စေ၊ ကြိုတင်ဖြစ်နှင့်သည် ဖြစ်စေ၊ နောက်မှဖြစ်သည် ဖြစ်စေ မိမိဖြစ်လာပြီး ထင်ရှားရှိခိုက်မှာသာ ဖြစ်ပြီး၍ ထင်ရှားရှိဆဲအကျိုးတရားများကို ကျေးဇူးပြု၏။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် အတ္ထိပစ္စည်း၏ သတ္တိထူးဟု ဟောတော်မူ၏။

## ၂၂၊ နတ္ထိ ပစ္စည်း

မိမိ မရှိသည့်နောက်မှသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် နတ္ထိပစ္စည်း မည်၏။

နတ္ထိ ပစ္စည်းသည် အနန္တရပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန် တူ၏။

### ကျေးဇူးပြုပုံ

မိမိ၏ အခြားမဲ့၌ဖြစ်လာမည့် နာမ်တရားများအား မိမိမရှိတော့သည့်နောက်မှသာ ဖြစ်ပေါ်လာရန် အခွင့်ပေးသောအားဖြင့် ကျေးဇူးပြု၏။ ရှေ့ရှေ့အခြားမဲ့၌ ချုပ်ငြိမ်းပြီး၍ လုံးဝမရှိသော စိတ်စေတသိက် တရားများသည် နောက်နောက်၌ဖြစ်လာမည့် စိတ်စေတသိက်များအား နတ္ထိ သတ္တိဖြင့် ကျေးဇူးပြု၏။

ဤသို့ မိမိမရှိသည့် နောက်မှသာ မရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှု သတ္တိကိုပင် နတ္ထိသတ္တိ ဟုဟောတော်မူသည်။

## ၂၃၊ ဝိဂတပစ္စည်း

လုံးဝချုပ်ငြိမ်း ပြတ်စဲပြီးမှ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိဂတပစ္စည်း မည်၏။

ဝိဂတပစ္စည်းသည် နတ္ထိပစ္စည်းနှင့် လုံးဝတူ၏။



## ၂၄၊ အဝိဂတပစ္စည်း

ချုပ်ငြိမ်းပြတ်စဲခြင်း မဖြစ်သေးမီ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အဝိဂတပစ္စည်း မည်၏။

အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့်လုံးဝတူ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## နိဂုံး

ကြောင်းကျိုး နှစ်တန်၊
စစ်အမှန်ကို၊
ဇောက်ရှုမြင်၊
ဉာဏ်သက်ဝင်မှ၊
ကင်းစင် သံသယ၊
လမ်းမှန်ရလျက်၊
ဘဝသံသရာ
ကျင်လည်ရာမှ၊
မြန်စွာထွက်မြောက်၊
နိဗ္ဗာန်ရောက်မည်၊
ထွန်းတောက်ဉာဏ်မြင်၊
လင်းစေသော်။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် **(ITBMU)**၌ နေထိုင်စဉ် ရေးသားအပ်သော ပဋ္ဌာန်း၂၄-ပစ္စည်းကျေးဇူးပြုပုံ သိသာရုံအကျဉ်းမျှ ရှင်းပြထားသည့် "ပဋ္ဌာန်းမြတ်ဒေသနာ" မည်သော ကျမ်းစာတမ်းသည် ၁၃၆၅-ခုနှစ်၊ တန်ခူးလဆန်း ၃-ရက် (၂၃/၃/၂၀၀၄) နေ့၌ ပြီးသည်။

အရှင်နန္ဒမာလာဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ကြောင်းကျိုး နှစ်တန်၊
စစ်အမှန်ကို၊
ဇကာန်ရှုမြင်၊
ဉာဏ်သက်ဝင်မှ၊
ကင်းစင် သံသယ၊
လမ်းမှန်ရလျက်၊
ဘဝသံသရာ
ကျင်လည်ရာမှ၊
မြန်စွာထွက်မြောက်၊
နိဗ္ဗာန်ရောက်မည်၊
ထွန်းတောက်ဉာဏ်မြင်၊
လင်းစေသော်။

မဇ္ဈိမဒေသဒါနအလှူရှင်

အလင်းတန်းတရားအလှူတော်လုပ်ငန်း
မိသားစု
ယုဇနပလာဇာ

ယုနီကွန်ပျူတာ ၁/၀၀၁၊ အနော်ရထာအောင်မြေသာစည်၊ ၁-ရပ်ကွက်၊ [illegible]၊ ဖုန်း-၂၀၀၇၄၁

www.burmeseclassic.com